MTSH Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

ရက်စွဲ။ ။၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်

**တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအားကြေညာခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက် (MTSH) ၏ ကုမ္ပဏီခွဲ ဖြစ်သော သီလဝါ ပရောပါတီး ဒတ်ပလော့မင့် လီမိတက်မှ သီလဝါ အထူးစီးပွားရေးဇုန်အတွင်းရှိ လူနေအိမ်ယာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံ စီမံကိန်းနေရာတွင် ဟိုတယ်လုပ်ငန်းနှင့် စက်သုံးဆီအရောင်းဆိုင် လုပ်ငန်းများဖွင့်လှစ်ရန် စီစဥ်လျက်ရှိပါသည်။ သီလဝါ ပရောပါတီး ဒတ်ပလော့မင့် လီမိတက်အနေဖြင့် နိုင်ငံပိုင်သတင်းစာများနှင့် ပုဂ္ဂလိကပိုင်သတင်းစာများမှတဆင့် ပြည်တွင်း၊ ပြည်ပရှိ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအား ပွင့်လင်းမြင်သာစွာ တင်ဒါဖိတ်ခေါ်ခဲ့ပါသည်။

ဟိုတယ်လုပ်ငန်းအတွက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင် တင်ဒါဖိတ်ခေါ်ခဲ့ပြီး မြန်မာကုမ္ပဏီ (၁၁) ခု၊ စင်ကာပူကုမ္ပဏီ (၂) ခု၊ ဂျပန်ကုမ္ပဏီ (၁) ခု၊ ဖိလစ်ပိုင်ကုမ္ပဏီ (၁) ခု၊ ထိုင်ဝမ်ကုမ္ပဏီ (၁) ခုနှင့် တရုတ်ကုမ္ပဏီ (၁) ခု စုစုပေါင်း (၁၇) ကုမ္ပဏီမှ တင်ဒါလျှောက်လွှာများ လာရောက်ထုတ်ယူခဲ့ပါသည်။ အဆိုပါကုမ္ပဏီများအနက် ဂျပန်နိုင်ငံမှ Super Hotel Co., Ltd အား တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ခဲ့ပါသည်။ Super Hotel သည် ရန်ကုန်မြို့ရှိ ဟိုတယ် (၁) လုံးအပါအဝင် နိုင်ငံရပ်ခြားတွင် ဟိုတယ် (၃) လုံးရှိပြီး၊ စုစုပေါင်း ဟိုတယ် (၁၁၉) လုံးကို ရင်းနှီးမြှုပ်နှံ လည်ပတ်လုပ်ကိုင်နေသော ဟိုတယ်လုပ်ငန်း အတွေ့အကြုံများစွာ ရှိသည့် ကုမ္ပဏီဖြစ်ပါသည်။ Super Hotel သည် သီလဝါ အထူးစီးပွားရေးဇုန် အတွင်းရှိ လူနေအိမ်ယာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံ ဧရိယာတွင် အခန်းပေါင်း (၁၂၉) ခန်းပါ ဟိုတယ်ကိုတည်ဆောက် လုပ်ကိုင်မည် ဖြစ်ပါသည်။

စက်သုံးဆီ အရောင်းဆိုင် လုပ်ငန်းအတွက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် တင်ဒါဖိတ်ခေါ်ခဲ့ပြီး ကုမ္ပဏီ (၁၁) ခုမှ တင်ဒါလျှောက်လွှာများ ထုတ်ယူခဲ့ကြပါသည်။ အဆိုပါကုမ္ပဏီများအနက်မှ စက်သုံးဆီအရောင်းဆိုင် (၁) အတွက် Max Energy Co., Ltd နှင့် စက်သုံးဆီအရောင်းဆိုင် (၂) အတွက် မြင့်မြတ်ထွဋ်ခေါင်ကုမ္ပဏီတို့အား စက်သုံးဆီ လုပ်ငန်းလုပ်ပိုင်ခွင့်အတွက် တင်ဒါအောင်မြင်သူများအဖြစ် အသီးသီးရွေးချယ်ခဲ့ပါသည်။

အသေးစိတ် ကြေညာချက်များကို အချိန်နှင့်တပြေးညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အေးဝင်း
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်ဒါရိုက်တာ

MTSH Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

Date: 23rd December 2016

## Notice of Tender Award

Myanmar Thilawa SEZ Holdings Public Limited, hereby, announces that our subsidiary, Thilawa Property Development Limited is proceeding with the Hotel and Petrol Station components in the Residential and Commercial Zone within the Thilawa Special Economic Zone. Thilawa Property Development Company Limited has made newspaper advertisements inviting interested parties to tender for both the Hotel and Petrol Station components.

Tender for the Hotel component was announced in the newspapers on 28th September 2016 and 17 companies indicated their interest. Amongst them were 11 local companies, two Singapore companies, one Japanese company, one Filipino company, one Taiwanese company and one from China. Super Hotel Co., Ltd (Japan) won the tender. Super Hotel has extensive experience in managing hotels in Japan. They operate a total of (116) hotels in Japan and three overseas, including one in Yangon. Super Hotel is planning to start off the project with (129) rooms.

Tender for the Petrol Station component was announced in the newspapers on 2nd November 2016. 11 local companies were interested and the tenders were awarded to Max Energy Co., Ltd and Myint Myat Htut Khaung International Co., Ltd for Petrol Station (1) and (2) respectively.

Further details will be made public as and when appropriate.

Aye Win
Administrative and HR Director